**နောက်** ပိုင်းနေ့ရက်တွေမှာ အာခီယာက ထူးခြားတဲ့ကျောင်းသာ
အဖြစ် ပြောဆိုနေကြတဲ့သံတွေကို ဆရာမ ဆရာမတွေပြောကြတော့
ဒေါ်အေးခိုင် ရယ်နေမိပါတယ်။

သူမနဲ့အတူ ကျောင်းကိုလာတဲ့ အာခီယာကြောင့် ဆရာ ဆ
မတွေ၊ ကျောင်းသားတွေက အံ့သြကြတယ်။ သူမဘေးမှာ စက်
မျက်နှာနဲ့ ကောင်လေးဟာ သူမ ဆွဲခြင်းကိုယူပြီး သူမ အတန်း
သွားထားပေးပါတယ်။

သူမကို ဘာမှမမေးပေမယ့် ဆရာကြီးကတော့ သိနေပုံရပါသည်

တစ်နေ့လည် မုန့်စားဆင်းချိန် ကျောင်းလှေကားအဆင်းအတ
မှာ အာခီယာနဲ့ကောင်လေးနှစ်ယောက် စကားများရန်ဖြစ်နေ
ပါတယ်။ အာခီယာက ကျောင်းသားလေးတစ်ယောက်ရဲ့ အင်္ကျီ
လံစကို ဆွဲကိုင်ပြီး လက်သီးနဲ့ရွယ်ကာ ထိုးမည်ပြုစဉ် သူမ အ





ယ်ကနေ ...

"အာခီယာ ..."

ဆင်ကို ချွန်းနဲ့သပ်ခံလိုက်ရသလို အာခီယာ တုံ့ခနဲ ဖြစ်သွား ပါတယ်၊ းပတ်ဝန်းကျင်က ကျောင်းသားကျောင်းသူတွေကလည်း သူမနဲ့ ာခီယာထံ တစ်လှည့်စီ ကြည့်နေကြပါတယ်။ ကိုးတန်းပထဝီ သင်တဲ့ ရာမ လှလှမြင့်က သူမဘေးမှာ လာရပ်ရင်း အာခီယာတို့ ရန်ပွဲကို ကြည့်နေပါတယ်။

"မင်း လာဦး အာခီယာ"

အာခီယာက ကောင်လေးရဲ့အင်္ကျီစကို ပြန်လွှတ်ကာ အပေါ်ထပ် ကို တက်လာပါတယ်။ သူမ ရှေ့ရောက်တော့ လက်ပိုက်ကာ ခေါင်းငုံ့ နေပါသည်။

"ဘယ်သူမှားမှာ မှန်မှန် ထပ်ရန်ဖြစ်ကြတဲ့အသံကို ဆရာမ ကြားချင်ဘူး"

အာခီယာ ခေါင်းညိတ်ပြပြီး လှည့်ထွက်သွားပါတယ်။ အာခီယာ သွားရာကို လှလှမြင့်က ငေးကြည့်ရင်း ...

"အာခီယာက တော်တော်ပြောင်းလဲသွားတာပဲနော် အေးခိုင်"

ဗျွန်မက ဘာမှပြန်မဖြေဖြစ်။

"အစက အဲဒီလိုမဟုတ်ပါဘူး၊ ထစ်ခနဲဆို အာခီယာ တကုယ့် လူပေလေးကွ"

"ဒါကတော့ သူ့အကြောင်းမသိသေးလို့ပါ လှလှရယ်၊ ဒီကလေး ကြောင်းက စိတ်ဝင်စားဖို့ကောင်းသလို သနားဖို့လဲ ကောင်းတယ် ပြီး ..."

လှလှမြင့်နဲ့အတူ အပေါ်ထပ် ဆရာ ဆရာမများနားနေခန်းသို့

www.burmeseclassic.com



ဖယောင်းနဲ့တုတဲ့ ဘဝထဲမှာ ...
ငို့ကို လိုသလိုပုံသွင်းခြင်းက ဘာလဲ ...။
ကောင်းရောင်းကောင်းဝယ် ကစားပွဲမှာ ..
အရှုံးအနိုင်ရဲ့ မဟိချက်က ဘာလဲ ..။
မျက်ရည်တွေ စေးပြစ်ပြစ်ရောထားတဲ့ ပိုင်တစ်ခွက် ...
အိပ်ဆေးနဲ့ရောစပ် ..
အဲဒီအရသာရဲ့ ထူးခြားချက်က ဘာလဲ ...။
မသိခြင်းအတွက် ...
မသိမသာ မေးခွန်းက ဘာလဲ ...။
ဘာတွေလဲ .. ငါမသိခဲ့ရ .......။





ကျွန် တော့်ဘဝအတွက် ရုပ်ပိုင်ခွင့်တွေကို ဖန်ဆင်းရှင် ဆိုသူက အနီရောင်ကြမ်းတမ်းခြင်း လက်မှတ်ပြေစာတွေနဲ့ ဆိုးဝါးခါးသီးခြင်း ခြာပိုင်းတွေကို ဘဝလို့ အမည်သတ်မှတ်ပြီး အဲဒီရက်စွဲတွေ ပေးထားခဲ့တယ်။

လူ့ဘဝဆိုတာ မလိုချင်လည်း ယူရမယ်၊ လိုချင်လည်း ပေးမှ ရမယ် ဆိုတဲ့အသိ အဲဒီအသက်အရွယ်ကတည်းက ကျွန်တော် သိ လာခဲ့ပါတယ်။

ဦးလေးက ကျွန်တော့်ကို စကားဆိုခဲ့ဖူးတယ်။

"လူဆိုတာ အခက်အခဲ ဖိအားရှိလေ၊ ပိုပြီး စွမ်းအားနဲ့ ရုန်းထွက်ကောင်းလေပဲ"

ကျွန်တော့်မှာတော့ သိတတ်စကတည်းက ဓားနဲ့ ခဏခဏ ခွမ်းခံထားရတဲ့ ကိုယ့်သမိုင်းကြောင်းကိုကြည့်ပြီး နာကျင်ချင်လာတယ်။

နေထွက်း ချိန်းဆိုပြီးစီးတဲ့ တစ်နေ့ ကျွန်တော်နဲ့အတူ နေထွက်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်မြားတစ်စင်း၊ ဒီအသံရှင်ဟာ ကျွန်တော့်မမ .. မ
နေရီလတ် ..။

ခုနက ဒေါသတွေ၊ မာကျောမှုတွေ၊ ပြင်းထန်တဲ့ ပေါက်ကွဲခြင်းတွေ
အခု ဘာ့ကြောင့် ငြိမ်ကျသွားရတာလဲ။ ကျွန်တော် ဆရာမနဲ့ 
နေရီလတ်ရဲ့တားဆီးမှုအောက်မှာ မင်းထက်ကို လက်လွှတ်လိုက်
ရပါသည်။

အဲဒီအချိန်ကစပြီး တစ်ကျောင်းလုံးမှာ မင်းထက်ရဲ့အရှုံးဟာ
ပြောစမှတ်ဖြစ်လောက်အောင် ပျံ့နှံ့သွားသလို အာခီယာရဲ့ အငြိ
အတေးကို ပြောစမှတ်ဖြစ်လာပါတယ်။

ပြီးတော့ ဆရာမနဲ့ ကျွန်တော့်ရဲ့ အပြန်အလှန်မေတ္တာတရား
နောက်ထပ် မမနေရီလတ်နဲ့ ကျွန်တော့်ရဲ့ အခြေအနေ ....။





ပြောတတ်ဖို့ စကားတွေ ကြွယ်စရာမလိုပါဘူး အာခီယာ၊ သိခဲ့ဖို့
သားစရာရော လိုလို့လား။

မင်းနဲ့ကိုယ် မသိခဲ့အောင် တို့နှစ်ယောက်ရဲ့အကြောင်းနာတွေက
ဦးသားရဲ့ရင်ထဲကို စိမ့်ဝင်နေကြပြီးသားလေ ....။ ဟုတ်တယ်နော်။
သာ မိုက်မဲမှုလို့ ကိုယ်မထင်ချင်ဘူး။ နောင်တရစရာလို့လဲ ကိုယ်မတွေး
ာ အဆန်းသားနော်၊ ဒါဟာ ပုစ္ဆာတစ်ပုဒ်မှ မဟုတ်တာ၊ ကိုယ်
တယ်၊ တကယ်လို့ ပုစ္ဆာတစ်ပုဒ်ဆိုရင်လဲ တစ်ချိန်မှာ သူ့အလိုလို
ထွက်လာမှာ ကိုယ်သိနေပါတယ် အာခီယာ ...။

သံယောဇဉ် ဆိုတာ လူတိုင်းပိုင်ဆိုင်ခွင့်မရတဲ့ သရဖူတစ်ခုပါ
င်လေးရယ် ...၊ အဲဒီ သံယောဇဉ် ဆိုတာ ထိုက်တန်ခွင့်ရှိသူမှ
ခွင့်ရတာပါ၊ ဒီစကားဟာ ကိုယ့်ရဲ့ မှန်သောစကားပါ အာခီယာ။

အဲဒီ သံယောဇဉ်ကြောင့် ကိုယ် မျှော်လင့်ခြင်းတွေ ဆုတောင်း
ယ်၊ ပျော်ရွှင်တဲ့ အနာဂတ်တွေဖြစ်လာဖို့ ပန်းတိုင်ဆိုတာကို မက်



www.burmeseclassic.com

www.burmeseclassic.com



မောတတ်လာခဲ့တယ်။

ကိုယ့်ဆန္ဒတွေ ပြည့်ဝမှာလား အာခီယာ ....။

ညက ရေးခဲ့တဲ့ ဒိုင်ယာရီစာအုပ်ကို ပြန်ပိတ်ရင်း ရင်ခွင်မှာအ… ကာ တောင်ကုန်းအောက်ခြေလေးကို ငေးကြည့်နေမိပါသည်။

"မမနေ့ရီ ..."

"ဪ .. အာခီယာ .."

အာခီယာက သူမဘေးမှာဝင်ထိုင်ရင်း သူမလိုပဲ အဝေးကို ငေး… ကြည့်နေပါတယ်။

"မင်း အပြုံးအဝေး အတော်ကြီးတာပဲ"

"ဘာကိုလဲ မမ"

သူမက မြက်ရိုင်းရှည်တစ်ခုကို လှမ်းချိုးပြီး ဆော့ကစားနေ… က ပြုံးမိသည်။ အာခီယာက သူမအပြုံးကို မြင်မှာပါ။

"မနေ့က ကျောင်းမှာဖြစ်တဲ့ကိစ္စကို ရည်ရွယ်တာလား မမ"

သူ ခေါင်းညိတ်ပြမိသည်။

"သူက စိန်ခေါ်ခဲ့တာလေ၊ အဲဒီစိန်ခေါ်မှုအတွက် ကျွန်… ပြန်တုံ့ပြန်မှုသက်သက်ပါ။ အဲဒါ အပြုံးအဝေးလို့ ခေါ်လား"

"ကိုယ့်အပေါ်မှာလဲ အခုလိုကြုံခဲ့ရင် မင်း အပြုံးအဝေးထား… လား အာခီယာ"

အာခီယာက သူမ စကားကြောင့် သွားဖြူဖြူတွေပေါ်အော… ရယ်သည်။

"မင်း အရယ်အပြုံးနည်းတယ်နော်"

အာခီယာက ရယ်မောရင်း ခေါင်းညိတ်ပြမိပါသည်။

"ကျွန်တော့်ဘဝမှာ မမနဲ့ပတ်သက်ရင် အပြုံးအဝေးကလ…





ဆိုတာ ရှိမယ်မထင်ဘူး"

"အဟုတ် ..."

အာခီယာက သူမကို လက်ပေါ်မေးတင်ရင်း ခေါင်းညိတ်ပြသည်။

"တစ်ခုတော့ ရှိတယ်"

"ဘာကိုလဲ"

"မမအပေါ် အန္တရာယ်ကျရောက်လာမယ်ဆိုရင်တော့ ကျွန်တော် အန္တရာယ်ကို ဖန်တီးသူကို လက်နဲ့ တုံ့ပြန်ရလိမ့်မယ်"

အာခီယာ စကားကြောင့် သူမရင်ထဲမှာ နွေးထွေးသွားပါသည်။

"ကျွန်တော် အခုလိုနေရတဲ့ဘဝအတွက် ကျေနပ်တယ်၊ မမနဲ့ တွေ့ခွင့်ပေးတဲ့ လောကကြီးကိုလဲ ကျွန်တော် သိပ်ကျေးဇူးတင်တယ်"

"မင်းစကားကြားရတာ မမ ပီတိဖြစ်မိတယ် အာခီယာ၊ ကိုယ့် အနားမှာ မင်းမရှိလဲ မင်းရှိနေတယ်လို့ပဲ ကိုယ်ခံစားရတာ အမှန်ပဲ အာခီယာ"

နှစ်ယောက်သား တစ်ဦးကိုတစ်ဦး ကြည့်မိကြပြီး လွတ်လွတ် သစ်လပ် ရယ်မိကြပါတယ်။ ပြီးတော့ အာခီယာက မတ်တတ်ရပ်ကာ မမကို လက်ကမ်းပေးတော့ မမက ကျွန်တော့်လက်ကို လှမ်းဆွဲ အားယူထပါသည်။

မြက်ရိုင်းတောအုပ်လေးထဲက ပြန်လာတော့ လမ်းမီးတွေ ထင်းစပြူနေခဲ့ပြီလေ ...။



www.burmeseclassic.com

www.burmeseclassic.com



"အာခီယာ .. လှထွန်းနဲ့နေထွန်း ပြဿနာတက်နေတယ်"

"ဘာ ..ဘယ်သူနဲ့လဲ"

"ကိုကိုလတ်တို့အဖွဲ့နဲ့၊ အပိုင်း(၂)ထဲကအိမ်မည်းကြီးထဲမှာ အာခီယာ ..."

အောင်မိုး နားထင်မှာလည်း သွေးတွေ စီးကျနေတာ အာခီ... တွေ့လိုက်တာကြောင့် ချက်ချင်းထကာ အိမ်ရှေ့အဝင်ဝ ထုပ်တ... ပေါ်က နှစ်တစ်လက်မတုတ်ကို လှမ်းယူလိုက်ရင်း ...

"မင်း ဘာနဲ့လာတာလဲ အောင်မိုး"

"ကိုစိုးကြီးဆိုက်ကားနဲ့ အာခီယာ"

သူ ဟဲအပြင်ကိုထွက်ဘော့ အောင်မိုးက ထပ်ချပ်မကွာ... အပြင်ရောက်တော့ ကိုစိုးကြီးက ...,

"တက် အာခီယာ"

ကျွန်တော်နဲ့အောင်မိုး ဆိုက်ကားပေါ်ရောက်သည်နှင့် ကိုစိုး...





ဆိုက်ကားကို အားကုန်နင်းပါတော့သည်။ ဆိုက်ကားစီးနေရင်း အောင်မိုး က အဖြစ်အပျက်တွေကို ပြောပြပါသည်။

"ဖြစ်ပုံက ဒီလိုကွ၊ နေထွန်းနဲ့လှသောင်းတို့ အပိုင်း (၂) ထဲက အိမ်မှာ ဖဲကစားကြတယ်လေ၊ ကိုကိုလတ်က သိတဲ့အတိုင်း လူညစ်တွေ"

"ဖဲလိမ်ရိုက်တယ် ဆိုပါတော့"

"အေး ..."

အောင်မိုးက ခေါင်းညိတ်သည်။

"ဒီကောင်နှစ်ကောင်လဲ အတော်ထိထားကြတယ်၊ ကိုကိုလတ် ...အုပ်စုက ရှစ်ယောက်ဆိုတော့လဲ အင်အားက မမျှဘူးလေ"

"ဘယ်ခြံလဲ အောင်မိုး"

"အဲဒီအိမ်ပဲ အာခီယာ"

အောင်မိုး ညွှန်ပြတဲ့ ရေနံသုတ်ထားတဲ့ နှစ်ထပ်ပျဉ်ထောင်အိမ် ...ကြည့်ပြီး ကိုစိုးကြီးကို ပြောလိုက်သည်။

"ခြံစည်းရိုးကို အရှိန်နဲ့ဝင်တိုက် ကိုစိုးကြီး၊ အောင်မိုး .. မင်း ...စီထား"

"စိတ်ချ အာခီယာ"

ခြံတံခါးအတွင်းက လူနှစ်ယောက်က တုတ်ကိုယ်စီနဲ့ အသင့်စောင့် ...သည်။ ထိုလူနှစ်ယောက်က ဆိုက်ကားရပ်မည်ပဲ ထင်နေပုံရသည်။ အရှိန်နဲ့လာတဲ့ဆိုက်ကားဟာ ဝါးနဲ့ပြုလုပ်ထားတဲ့ တံခါးကို အရှိန် ...ိုက်လိုက်တာကြောင့် အတွင်းက လူနှစ်ယောက်ရော၊ သူတို့ပါ ...က်သွားကြပါတယ်။ ကျွန်တော်က ကုန်းရုန်းထပြီး တုတ်ကို ...တိုင်လိုက်ပါသည်။

"အာခီယာ ... မင်းနောက်မှာ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်ကပြန်လာတာလဲ အာခီယာ"

ဒေါသနဲ့ဆက်နွယ်နေတဲ့ လေသံမဟုတ်ပေမယ့် သာယာခြင်း မရှိ တာတော့ သေချာပါသည်။

လေးလေး ဒီအချိန်အထိ အရက်သောက်ထားပုံမရ။ အဖြူရောင် သန်းစ မုတ်ဆိတ်မွေး ပါးသိုင်းမွေးတို့သည် ထိုးထိုးထောင်ထောင် လေးလေးရဲ့အကြည့်တွေကို သူသိနေတာကြောင့် သူ ညာပြီးတော့ လည်း မပြောချင်။ ပြောလို့လည်း ထူးခြားလာမှာမဟုတ်။

"လူမိုက်လက်သစ်လေး။ ဖဲဝိုင်းမှာပေါက်စလေး။ အစွမ်းထက်တဲ့ ကျူ တစ်ကောင်ဆိုပြီး မင်းနာမည် ဟိုးဟိုးကျော်ပဲ၊ မင်း ငါ့ကို စိန်ခေါ် နေတာ လား အာခီယာ၊ အခု မင်းနဲ့ပတ်သက်နေတဲ့လူတွေက ဘယ်လိုလူစားမျိုး တွေလဲ မင်းသိလား"

လေးလေးက ပြောရင်းဆိုရင်း ဒေါသထွက်နေပါသည်။

"ကျွန်တော် အားလုံးကိုသိနေပါတယ် လေးလေး"





ကျွန်တော့်ရဲ့အဖြေကြောင့် လေးလေး အံ့သြသွားပုံရသည်။

"အဲဒါတွေ မင်းသိရဲ့နဲ့ ဘာလို့ ဆက်လုပ်နေရတာလဲ၊ ငါ နား လည်နိုင်တော့ဘူး အာခီယာ"

"ကျွန်တော် အဖြစ်မှန်အားလုံးကို ဦးလေးကို ရှင်းပြမှာပါ"

ကျွန်တော် အောင်မိုးရဲ့ညီ ရောဂါအခြေအနေအတွက် ငွေလို အပ်နေခဲ့တာ၊ ကိုကိုကြီး ဆိုသူရဲ့ခြံမှာ ကစားပွဲ စတင်ခဲ့ပုံတွေ၊ နောက် ... အောင်မိုး၊ လှသောင်းနဲ့ နေထွန်း ကိုကိုလေးတို့နဲ့ ပြဿနာတက်ပုံ၊ ... ရေးကြေးရေး ရှုပ်ထွေးမှုတွေ။

ကျွန်တော် ပြောပြတဲ့စကားဆုံးတော့ လေးလေးလည်း ငိုင်ကျသွား ... ည်။ လေးလေး တစ်ခုခုကို စဉ်းစားရကျပ်နေပုံရှိသည်။ အချိုးရည် ...ကို အဖုံးဖွင့် ခါးလယ်ကဖြတ်ပြီး ဆေးလိပ်ခွက်လုပ်ထားတဲ့ ပြာခွက် ... ဆေးပေါ့လိပ်အတိုကို ကောက်ယူမီးညှိလိုက်ပါသည်။ ဆေးလိပ်ကို ...ြဖြည်းနှပ်ပြေ ရှိုက်လိုက်ပြီး မီးခိုးငွေ့ကို မှုတ်လွှတ်လိုက်ပြီးမှ ...

"မင်း ဘာဆက်လုပ်မလဲ အာခီယာ၊ မင်း ဆုံးဖြတ်ချက်ချစမ်း"

လေးလေးက အဲဒီလိုလူမျိုး။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ...တ်ချက် ချနိုင်းတတ်သည်။ လေးလေး မူးလာရင် ပြောလေ့ရှိတဲ့ ...စ်ခွန်း ရှိပါသည်။

"လူဆိုတာ ဒုက္ခနဲ့ ကျဉ်းကျပ်မှု ဖိအားတွေရှိမှ ကျောက်မျက် ...လို ကိုယ်ရည်ကိုယ်သွေးက မြင့်တက်လာတတ်တာ အမှန်ပဲ"

အခုလို ကြီးမားတဲ့ စိန်ခေါ်ပွဲကြီးအတွက် သူ့လို ဝေယံငါးနှစ်စွန်းစ ...ကို ဆုံးဖြတ်ချက်ချနိုင်းနေပါပြီ။

"Do or Die ..."

...လေးက စိတ်ရှည်လက်ရှည်ပြုံးနေရင်း သူ့ကို အခုလိုဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုဆိုလိုချင်မှန်း သိနေပါသည်။

"အမိန့်ပါ ဘုရား"

ဆရာတော် ပြုံးရုံပြုံးနေရင်း ...

"အေး .. ဘေးပတ်ဝန်းကျင်ဆိုတာ ဥယျာဉ်မှူးကောင်းဖြစ်သလို ပူလောင်မှုတွေ ပေးတဲ့ နေမင်းလဲဖြစ်တယ်၊ မင်း နေလောင်မခံရစေနဲ့ အာစီယာ"

ဆရာတော်က ပြောပြီး ဘုရားပေါ်ကဆင်းတော့ ကျွန်တော် ဆရာတော်ကို ဦးချပြီး စေတီရဲ့စိန်ဖူးတော်တွေကို မေးကြည့်နေမိပါသည်။ လေပြေကြောင့် လှုပ်ခတ်နေတဲ့ ခေါင်းလောင်းလေးတွေက ငြိမ်းအေးခြင်းဂီတကို ဖန်ဆင်းနေသည်။

သူ့ဘဝမှာလည်း စေတီတော်က ခေါင်းလောင်းတွေလို တိုင်ပင် များစွာ ဘယ်အချိန်လောက်ကတည်းက လှုပ်ခတ်နေခဲ့တာလဲ ...။

⁂





"အာ စီယာဆိုတာ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် တည်ငြိမ် အေးချမ်းရင်သန်နေတတ်သူလို့ ငါမြင်တယ်၊ အခု မင်းတွေ့ရမယ့်ကစားပွဲ သော့ချက်က အဲဒီအရာပဲ ငါ့သား"

လေးလေးက အာစီယာ မျက်ဝန်းကိုကြည့်ရင်း ပြောသည်။ ဦးခန့်နီ မျက်ဝန်းက စကားတွေမှာ ရဲရင့်မှုတွေပါတယ်ဆိုတာ အာစီယာ သိပါသည်။ ညက လေးလေးပြောပြတဲ့ စကားတွေကို ပြန်သတိရမိသည်။

"ဘယ်သူမဆို သတိရှိတယ်ဆိုတာ ငါမယုံဘူး အာစီယာ၊ တချို့ ထောင်မှတ်တဲ့ အမှတ်တမဲ့ကိစ္စလေးတွေဟာ နိုင်ပွဲရဲ့ သော့ချက်ပဲ ဆိုတာ ငါ့သား မမေ့နဲ့"

လေးလေး လက်ထဲက ဖဲချပ်တွေဟာ အိပ်တန်းပြန်ငှက်တွေလို ဆယ်ဟုန်မစီးဘဲ ဖျတ်ခနဲ ဖျတ်ခနဲ လျှင်မြန်လွန်းလှပါသည်။

ညက လေးလေး သင်ပြ၊ ပြောပြတဲ့စကားတွေကို ပြန်ကြား ယောင်မိရင်း လေးလေးကိုနှုတ်ဆက်ကာ တဲပြင်သို့အထွက် ...

"အာစီယာ ..."



www.burmeseclassic.com

www.burmeseclassic.com



စကားလမ်းကြောင်း လွှဲပါသည်။

"ကဲ .. စန္ဒီ ဘယ်မှာလဲ"

"မမလေး အောက်ထပ်မှာပါ ဆရာကြီး"

"ခေါ် လိုက်စမ်းကွာ"

"ဟုတ်ကဲ့"

ဆရာကြီးရဲ့ တပည့်တစ်ယောက်က အခန်းထဲကဖုန်းဖြင့် အောက်ထပ်ကို ဆက်သွယ်ပါသည်။

"ဒီပြိုင်ပွဲရဲ့ အနိုင်အရှုံးပေါ် မူတည်ပြီး အကျိုးအမြတ်ကို မင်းခံစားရမယ် အာခီယာ"

"ကျွန်တော် အကျိုးအမြတ်တွေကို မသိချင်ဘူး ကိုကိုကြီး၊ ကျွန်တော်နိုင်ခဲ့ရင်သာ ကျွန်တော့်သူငယ်ချင်းတွေကို လွတ်လပ်ခွင့်ပေးဖို့ ခင်ဗျား ကတိပေးရမယ်"

အာခီယာ စကားကြောင့် ကိုကိုကြီးက သရော်ဟန်အပြုံးဖြင့် ပြုံးရင်း ...

"အိုကေ ..အာခီယာ၊ မင်းစိတ်ခတတ်ကို ငါ သဘောကျတယ်၊ အခု မင်းနဲ့ပြိုင်ဘက်က တစ်ဖက်ကမ်းပုဂ္ဂိုလ်ပဲ၊ သိပ်အစွမ်းထက်တယ် လို့ နာမည်ကြီးတယ်၊ အဲဒီပုဂ္ဂိုလ်နဲ့ ငါက စီးပွားဖက်တွေ အာခီယာ၊ ဒီလူနဲ့ငါ ကစားဖူးတယ်၊ ငါ တော်တော်များများ ရှုံးသွားခဲ့တယ်ကွ၊ အဲဒီရှုံးသွားတဲ့ ရှုံးကြေးကို ဒီပွဲမှာ ငါပြန်ရချင်တယ် အာခီယာ"

အာခီယာက ကိုကိုကြီးကို စိုက်ကြည့်နေပါသည်။ ကိုကိုကြီးကလည်း ပြန်လည်စိုက်ကြည့်သည်။ ကိုကိုကြီးမျက်ဝန်းအကြည့်က ဓားတစ်စင်းဆိုရင် အာခီယာအကြည့်က ဖယောင်းတိုင်မီးတောက်လေးလိုပဲ။ အဲဒီအကြည့်ထဲမှာ အပြန်အလှန် လျော်ကြေးဆန်တဲ့ ကတိတွေ ပါနေခဲ့မှာ နှစ်ဦးစလုံးသိကြပါသည်။





တံခါးဖွင့်သံကြားတော့ ကိုကိုကြီးက လှည့်ကြည့်ကာ ...

"လာ ... စန္ဒီ ..."

ခပ်ပျော့ပျော့ပိတ်စကို ဘောင်းဘီချုပ်ဝတ်ထားတဲ့ အနက်ရောင်မိန်းကလေးက ကြည့်လို့ကောင်းတာ အမှန်။ စန္ဒီ ဆိုသောအမျိုးသမီးက သူ့ကို ကြည့်သည်။ မာယာပါတဲ့အပြုံးက နည်းနည်း ကသိကအောင့်ဖြစ်စရာ ကောင်းသည်။

"သူက ဘယ်သူလဲ ကိုကိုကြီး"

အသံချိုမြိန်မြိန်က ရွှဲရွှဲနဲ့နဲ့။

"စန္ဒီ ... ကောင်လေးကို ပြင်ပြင်ဆင်ဆင်လေး လုပ်ပေးစမ်းပါ။ ခင်းလက်ထဲ ဝကွက်အပ်လိုက်ပြီနော်"

စန္ဒီက ခပ်မျှင်းမျှင်းရယ်သံနှင့်အတူ ...

"ကိုကြီး စန္ဒီ လိုသလို ပုံသွင်းလိုက်ရမလား"

ဘယ်လိုအထာနဲ့ ဘယ်လိုပြောလိုက်သည် မသိ၊ သူ့ကို ရယ်စရာလိုသဘောထားကာ ရယ်နေကြပါသည်။

"ကောင်လေး .. မင်း သူနဲ့လိုက်သွား"

ကျွန်တော်က စန္ဒီခေါ်ရာနောက်ကို လိုက်ခဲ့ပါသည်။ စန္ဒီက အခန်းကျယ်တစ်ခုဆီကို ဦးဆောင်ခေါ်သွားသည်။ အခန်းထဲရောက်တော့ စန္ဒီက သူ့ကို စေ့စေ့ခြုံငုံကြည့်ကာ ဗီရိုတစ်ခုထဲကနေ အနောက်တိုင်းဝတ်စုံတစ်စုံကို ရွေးချယ်ထုတ်ယူကာ သူ့ကို ကမ်းပေးသည်။ အာခီယာက ဘာမှနားမလည်ဟန်ရှိတာကြောင့် သူမက ပြုံးသည်။

"ချာတိတ် .. မင်း ဟိုအခန်းမှာ ရေမိုးချိုးပြီး ဒီဝတ်စုံဝတ်ခဲ့၊ ငါ ဒီက စောင့်နေမယ်"

"ဘာဖြစ်လို့ ကျွန်တော့်ကို ဒီဝတ်စုံကို ဝတ်ခိုင်းရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလတ်တပည့် အကောင်ကြီးကြီးတွေက မလှမ်းမကာ
သွားရပ်နေကာ ကျွန်တော်တို့ကို ကြည့်နေ၏။

"မင်းသူငယ်ချင်းတွေကို မင်းကိုဒါတို့ဆီလာဖို့ လွှတ်ခိုင်းတာ
ဘာလို့ရောက်မလာတာလဲ အာခီယာ"

"မင်းတို့နဲ့ ငါကြားမှာ ပတ်သက်စရာမှ မရှိတော့တာ"

ကိုကိုလတ်က နှုတ်ခမ်းတွန့်ကာ မဲ့သည်။

"ကိုကိုကြီးက နောက်ထပ်ပွဲတစ်ပွဲအတွက် မင်းကို အလိုရှိနေ
အာခီယာ"

"ငါ မလုပ်ပေးနိုင်ဘူး ကိုကိုလတ်၊ မင်း ကိုကိုကြီးကို ငါပြော
အတိုင်း ပြောလိုက်ကွာ"

"ကိုကိုကြီးခေါ်ရင် မလာလို့မဖြစ်ဘူးဆိုတာ မင်းသိတယ်
အာခီယာ"

"အဲဒီထဲမှာ ငါမပါဘူး ကိုကိုလတ်"

အာခီယာစကားကြောင့် ကိုကိုလတ်က ဘောင်ပေါ်မှ ခုန်
မျက်နှာချင်းဆိုင်သည်။

"သေချာတယ်နော် အာခီယာ"

"အသေချာဆုံးပဲ ကိုကိုလတ်၊ မင်းတို့ သွားတော့"

"အိုကေ ..."

ကိုကိုလတ်က လက်မြှောက်ပခုံးတွန့်ကာ သူ့လူတွေ
အချက်ပြပြီး ထွက်သွားကြပါသည်။

မမနေရီနားရောက်တော့ မမနေရီကို ခြေဆုံးခေါင်းဆုံး ကြ
တယ်။ အာခီယာ ရင်ထဲမှာ တစ်စုံတစ်ခု လှုပ်နှိုးခံလိုက်ရသလို
နောက်မှာလည်း အန္တရာယ်ရှိကြောင်း အချက်ပေးသံတွေ ကြ





တယ်။

"သူတို့က ဘယ်သူတွေလဲ အာခီယာ"

"မမ မသိချင်စမ်းပါနဲ့ ကဲ ...သွားမယ်"

ကျွန်တော့်စကားကို မမနေရီ သိပ်ကျေနပ်ပုံမရပါ။

"မင်းနော်၊ ဘာတွေလုပ်နေတာလဲကွာ၊ မမနေရီ ရှုပ်ရှုပ်ယှက်ယှက် တွေ
ချင်ဘူးနော်"

"အင်းပါ"

မမနေရီက တစ်လမ်းလုံး ပွစိပွစိနဲ့ သူ့ကို ဆူပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သ တိတော့ထားကွာ အာခီယာ"

"ဟုတ်တယ်၊ ကိုကိုကြီးအကြောင်းလဲ မင်းသိရဲ့သားနဲ့ ဒီ[illegible]
က ယုတ်မာပက်စက်တယ်နော်"

"ဒီလူ သူလုပ်ချင်တိုင်းလုပ်လို့မရဘူးဆိုတာ သိကိုသိရမယ် [illegible]"

"သိပ်အတင့်မရဲနဲ့ အာခီယာ"

"အေးပါ၊ ဒီအကြောင်းတွေ ဦးလေးနဲ့ ဆရာမတို့ မ[illegible]
မသိစေချင်ဘူး"

"ဘာဖြစ်လို့လဲ"

"စိတ်ပူနေမှာစိုးလို့ပါကွာ"

"အေးပါ"

ကိုညွန့်မောင်တို့ဆိုင်မှာ ထိုင်ရင်း ညနေက ကိုကိုလတ်နဲ့[illegible]
ပြောပြနေခြင်း ဖြစ်ပါသည်။ ကျွန်တော့်သူငယ်ချင်းတွေက[illegible]
ကျွန်တော့်အတွက် စိတ်ပူနေကြပြီး နေထွန်းက ...

"ငါတို့ အမှတ်တမဲ့မှားမိတဲ့ အမှားက အာခီယာအတွက် အ[illegible]
ဖြစ်လာပြီ ထင်တယ်ကွာ"





"အေးကွာ"

လှမိုးကလည်း မသက်မသာ ညည်းတော့ အာခီယာက ...

"ဘာမှမဆိုင်ပါဘူးကွာ၊ ကဲ .. ငါလစ်မယ်၊ မင်းတို့လဲ ပြန်တော့၊
နက်ကျောင်းတက်ရဦးမှာ"

"အေး ..."

ကျွန်တော်က ပိုက်ဆံကို စားပွဲပေါ်တင်ပြီး ကိုညွန့်မောင်ကို
[illegible]မ်းအော်ပါတယ်။

"ကိုညွန့်မောင်ရေ၊ ထားခဲ့ပြီ"

"အေး .. ရောဝတီမြစ်ထဲက ရေတွေလား"

ကိုညွန့်မောင်က ပြန်စနောက်နေပါသေးတယ်။ တဲရောက်တော့
[illegible]သားလေးက ရေချိုးမှန်နေပါပြီ။

"နောက်ကျလိုက်တာ ငါ့သားရယ်"

"ဟုတ်ကဲ့ ဦးလေး"

တဲပေါ်ရောက်တော့ လေးလေးက ..

"ငါ့သား .. ထမင်းစားလိုက်ဦး၊ ပြင်ပြီးသား"

"ဟုတ်ကဲ့ ဦးလေး"

အာခီယာ ထမင်းစားဖို့ အုပ်ဆောင်းပဲ လှန်ရသေးတယ် ..

"အာခီယာ .. အာခီယာ .."

အပြင်က ခေါ်သံနှင့်အတူ လေးလေးရဲ့ လေးတွဲ့တွဲ့စကားကြောင့်
အာခီယာ ထမင်းစားပွဲကို ပြန်အုပ်ကာ ..

"လာပြီ .. ခဏလေး ..."

ကျွန်တော် တဲအပြင်ထွက်သွားတော့ အမှောင်ထဲမှာ မိန်းကလေး
[illegible]ယောက်ပုံသဏ္ဌာန် ...။ မသဲမကွဲဖြစ်နေတာကြောင့် ရှေ့တိုးကြည့်မိတော့ ..



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးနိုင်ထွန်းနဲ့ မြဝင်းအပြင်ကိုရောက်တော့ ဆရာနှင့်အတူ အလုပ်ကိစ္စတွေ ပြီးပြတ်အောင် စီစဉ်ပြီးတော့ ...

"လိုက်ခဲ့ အာဒီယာ"

"ဘယ်လဲ ဆရာ"

"ဒီနား ... ဘုရားကျောင်းကို ..."

ခပ်နီးနီးမို့ ဆရာက လမ်းလျှောက်သွားမည်တဲ့။ ဆရာနှင့်အတူ ဘုရားကျောင်းအပေါက်ဝရောက်တော့ ရုပ်တုကြီးကို မြင်ခဲ့ရသည်။ ရုပ်တုက ဖာသာတစ်ယောက်ရဲ့ရုပ်တု၊ ဘယ်ဘက်မှာ ကလေးတစ်ယောက်က တောသူတောင်သားလေးပုံစံဖြစ်ပြီး ညာဘက်က မိုယ်ဆန်ဆန်ကလေးတစ်ယောက်ရဲ့ ရုပ်တုဖြစ်သည်။ သူ့ စိတ်ဝင်တစားနဲ့ ကြည့်နေတော့ ဆရာကပြုံးရင်း ...

"မင်းစိတ်ဝင်စားနေလား အာဒီယာ၊ ဒီကျောင်းက သိပ်စိတ်ဝင်စားဖို့ကောင်းတယ်ကွ၊ ဖာသာက လူမျိုးမရွေး ဘာသာမရွေး နေရာပေါင်းစုံက ကလေးပေါင်းစုံ မိဘမဲ့လေးတွေကို ပြုစုစောင့်ရှောက်ပေးထားတယ်





ကျောင်းထားပေးတယ်၊ ကြိုက်တဲ့ဘာသာကို ကိုးကွယ်ခွင့်ပေးထားတယ် အာဒီယာ"

"တကယ် ..."

ဆရာဦးနိုင်ထွန်းက ကျွန်တော့်ပုံစံကြောင့် ရယ်ပါသည်။

"လောကမှာ ဒီလိုနေရာတွေက အဓိပ္ပာယ်သစ်တစ်ခုပေးတယ် အာဒီယာ"

"ဘာများလဲ ဆရာ"

ဆရာက နှမ်ထပ် သစ်သားအဆောက်အဦကို ငေးကြည့်ပြီး ...

"ငွေကြေးဆိုတာ ဒီနေရာမှာ ဒုတိယနေရာရောက်သွားပြီ အာဒီ ... အဲဒီဒုတိယနေရာကိုတောင် မလွဲသာလို့ နေရာပေးခဲ့တာနော်၊ ...တကတော့ မေတ္တာတရားပဲ"

ခန်းမထဲရောက်တော့ ဆရာဦးနိုင်ထွန်းက ဖာသာနဲ့စကားပြော... ကျွန်တော့်ကို မိတ်ဆက်ပေးသည်။ ဖာသာ့အပြုံးက သန့်စင်တယ်၊ ...ကြီးမားတဲ့ မျက်ဝန်းတွေက တစ်ဖက်လူကို ငြိမ်းအေးစေသည်။

ကျွန်တော် ဆရာနဲ့ဖာသာ စကားပြောနေစဉ်မှာ အဆောင်တွေ ဖက်...က်ကြည့်လေ့လာနေမိသည်။ အဆောင်တစ်ခုရှေ့အရောက်မှာ ...ခြားခြား ကောင်မလေးတစ်ယောက်ကို သတိပြုမိသည်။

ကျွန်တော်နဲ့ မလှမ်းမကမ်းမှာတွေ့ရတဲ့ ထိုကောင်မလေးသည် ...တော့်ထက် သုံးလေးနှစ်ငယ်မည်ထင်ရသည်။ ဘေးတစောင်း...ဲ့အမိုက်အတန့်မှာ သူမရဲ့လှုပ်ရှားမှုတွေက စိတ်ဝင်စားစရာ။ ...နယ်ပျိုမျစ်တဲ့ အသားအရေ၊ ကျောလယ်လောက် အညိုရောင် ...်တွေက ကပိုကရို။ ထူးခြားတာက သူမနဲ့မလိုက်ဖက်တဲ့ စေ...ထောက်တစ်စုံ။ ဒူးဆစ်အောက်အထိရှည်တဲ့ ကာကီရောင်



www.burmeseclassic.com

www.burmeseclassic.com



ဒီကျောင်းကနေ ကျွန်တော် အပြင်လောကကို စတင်ခြေချ[illegible] ရတဲ့နေ့မှာ ကျွန်တော့်လက်မှာ အဖြူရောင်ငှက်လေးတစ်ကောင် [illegible] နေပါတယ်။ ကျွန်တော့်ခြေလှမ်းဦးတည်ရာဟာ ၊ ရန်ကုန်မြို့။

ရန်ကုန်မြို့ဆိုတာ လပ်(စ်)ဗီးဂတ်မြို့လို့ တင်စားမခေါ်ဝေါ်[illegible] ပေမယ့် သူ့အလှနဲ့သူ လှပနေတာတော့ အသေအချာပါ။ ဒါပေမဲ့ သူ့ကိုယ်မှာလည်း နည်းနည်းရှုပ်ထွေးမှုတွေ ကပ်ငြိနေပါတယ်။ [illegible] မက်တွေ၊ ကျော်ကြားမှုတွေ၊ ပူစပ်ပူလောင် အရောင်တွေက [illegible] တစ်လှည့် ညတစ်လှည့်စီ ...။

ရန်ကုန်မြို့ကို ခြေချမိချင်းပဲ ကျွန်တော် ဆရာလေးနဲ့ ဆ[illegible] နိုင်ထွန်းတို့ကို သတိရမိသည်။ ရင်ထဲကစကားနဲ့ ကျွန်တော့်[illegible] မပြည့်ဝမချင်း ခွင့်လွှတ်ပါ ဆရာ လို့ တောင်းပန်မိသည်။

ပြီးတော့ ရန်ကုန်မြို့ရဲ့ ကျောတစ်နေရာစာအတွက် ဘယ်[illegible] ဖြေရှင်းရမှန်းမသိတဲ့ ကျွန်တော့်အတွက် ကံကောင်းခြင်းတစ်[illegible] တက်စီဒရိုင်ဘာ ကိုမင်းနွယ်နဲ့ စတင်တွေ့ဆုံခဲ့တာပါပဲ။ ညဘ[illegible] တက်စီဆွဲတဲ့ ကားဆရာကိုမင်းနွယ်နဲ့ စတင်ဆုံပုံက လူရှင်းပြတ်[illegible] တဲ့ လမ်းရဲ့အမှောင်ရိပ်တစ်ခုမှာပါ။





အဲဒီနေ့က အဖော်မပါဘဲ အရဲစွန့်ပြီး ကားထွက်ဆွဲခဲ့တဲ့ ကိုမင်းနွယ် ကို ငှားစီးလာတဲ့ လူနှစ်ယောက်က ဓားထောက်ကာ အနုကြမ်း [illegible]ပါတော့တယ်။

ဒီည ဘယ်မှာအိပ်ရပါ့မလဲလို့ တွေးရင်း ပလက်ဖောင်းဘေးက [illegible]ပ်လျှောက်လာတဲ့ကျွန်တော် အမှောင်ရိပ်ထဲအဝင် တက်စီကား [illegible]စ်စီးဘေးက လူသုံးယောက်ကို လှမ်းတွေ့လိုက်ပါတယ်။

အဝေးကကြည့်ရင် တစ်ဦးနဲ့တစ်ဦး ကားခြသိနေသလိုလို စကား [illegible]ပြောနေတဲ့ အမူအရာပါ။ ကျွန်တော် သူတို့ကားဘေးကနေ ဖြတ် [illegible]လျှောက်ရမှာ လုံးဝအသေအချာပါ။ မတ်တတ်ရပ်နေတဲ့ လူသုံးယောက် [illegible] နှစ်ယောက်က မျက်နှာချင်းဆိုင်၊ အလယ်မှာရှိတဲ့ လူ့ရဲ့နောက်မှာ [illegible]နောက်တစ်ယောက်၊ အလယ်ကလူရဲ့ပုံစံ မကျနဘဲ ခပ်တောင့်တောင့် [illegible]တာကိုက သံသယဖြစ်စရာကောင်းနေပါတယ်။ ကျွန်တော် မသိမသာ [illegible]အလယ်ကလူရဲ့မျက်နှာကို တစ်ချက်ကြည့်မိတော့ တစ်စုံတစ်ခု ပယောဂ [illegible]ငြိနေတဲ့ ဟန်အမူအရာ ...။

ကျွန်တော် ဘာလုပ်ရမလဲဆိုတာ ကျွန်တော် သိပါတယ်။ ကျွန်တော် [illegible]င်းငိုက်စိုက်လမ်းလျှောက်ရင်း သူတို့ဘေးကအဖြတ် အမှတ်မထင် [illegible]တ်တရက် ဖွင့်ဟထားတဲ့ကားတံခါးကို ပြေးကန်လိုက်ရာ အလယ်က [illegible]ရဲ့အနောက်က လူဟာ ကျွန်တော့်ရဲ့ကန်ချက်ကြောင့် အရှိန်နဲ့ [illegible]ထဲလွင့်စင်ကာ ကားတံခါးပိတ်ရက်သား။ အလယ်က လူကလည်း [illegible]ဝေးကို လွင့်ထွက်သွားသည်။ နောက်တစ်ယောက်ကတော့ အံ့အား [illegible]ကာ ပါးစပ်အဟောင်းသားနဲ့ ကျွန်တော့်ကို ငေးကြည့်နေတုန်း ...

"ဘုန်း ..."

"အား ..."



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးမျက်လုံးတွေက အေးစက်စက်နိုင်လွန်းတာ၊ တို့ ဒီ...
တည့်တည့်မတ်မတ်ပဲ”

အေးချမ်းက သူ့ရှင်ဘတ်နေရာကို လက်မနဲ့ ကော့ညွှတ်ထော...
ပြတော့ ကိုမင်းနွယ်ဘေးက ကောင်မလေးက ..

“အေးချမ်းရေ ထူးထူးဆန်းဆန်းပါလား”

“ဩော် .. လှပဲပါယ်၊ အသွေးနဲ့အသားနဲ့ ဖွဲ့စည်းထားတာပဲဟာ”

အေးချမ်းစကားကြောင့် အားလုံးရယ်ကြပေမယ့် ကျွန်တော်...
မရယ်ဖြစ်။ အေးချမ်းက ကျွန်တော့်အတွက် ‘စားစရာလှမ်းယူပေး...
ခွံ့ကျွေးတော့ ကျွန်တော် ရှုံ့တိုးရှုံ့တန်း ဖြစ်နေပါသည်။

“ဘာလဲ ... မင်းက တို့ခွံ့တာကို ရှုံလို့လား”

“ဟာ ... မဟုတ်ပါဘူး”

“ဒါဆို ... ပါးစပ်ဟာ”

ကျွန်တော် ပါးစပ်ဟာပေးတော့ သူမက တူကို ကျင်လည်စွာ...
ရင်း ခွံ့ပေးသည်။ နောက်တော့ ဟိုနှစ်ဖွဲ့က သီးသန့်၊ ကျွန်တော်...
နဲ့အေးချမ်းက သီးသန့်စကားပြောဖြစ်ကြပါသည်။

ကျွန်တော်တို့ အဲဒီအခန်းလေးထဲကထွက်တော့ မနက်လေး...
ထိုးနေပါပြီ။ ကိုဇော်ကြီးက ကိုမင်းနွယ်နှင့်အတူ အိမ်မှာလိုက်အိပ်ပါ...





ကိုယ့်ကျွန်ဒြေသိက္ခာကို ...
ကိုယ် ဆေးစိမ်ရင်း
တိမ်းပါးစွာ ထွက်ခွာသွားခဲ့သူ ....။
ဆာနွံကို ...
မောင်းထောင်းထဲထည့် ...
ကိုယ့်မျက်ရည်
သံထည်လို ဒြပ်ထုရုပ်ထည် ပုံသွင်းချင်ခဲ့ ........။



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်ကြီးက မညိုကို ဖက်ပြီး ထိုင်ထိုင်ချင်း ဝိုင်းကို ကြည့်ကာ ...

"ဒါမဲလား။ ထပ်မှာဦးလေ .. ညို"

"အိုကေ .. ကိုဇော်"

မညိုက နံရံကစလုတ်ကို နောက်ပြန်နှိပ်လိုက်သည်။ အပြင်က ကောင်လေးက ချက်ချင်းရောက်လာတော့ မညိုက မှာသည်။ ကောင်လေး ထွက်သွားတော့မှ ကိုဇော်ကြီးက ...

"အာစီယာ၊ မင်း နေ့ဘက်အားလား"

"အားပါတယ်"

"အားရင် ငါနဲ့လိုက်ခဲ့ပါလား"

ကျွန်တော့်ရဲ့ အေးတိအေးစက်ပုံစံကြောင့် ကိုမင်းနွယ်က ...

"အပျင်းပြေဖြစ်ဖြစ် လိုက်သွားပါလား အာစီယာ"

ကိုမင်းနွယ် စကားကြောင့် ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ဒီနောက်တော့ ဝိုင်းက ပိုပြီးအသက်ဝင်လာပါတယ်။ အရှိန်က တောင်လာလေလေ ကိုဇော်ကြီးရဲ့အသံက မပီတော့။

အေးချမ်းက ကျွန်တော့်ကိုလက်တို့ပြီး အပြင်ထွက်ဖို့ အချက်ပြပါတယ်။

"ဘယ်လဲ .. မင်းတို့ စုံတွဲက ..."

"အာစီယာကို နိုးမပြေးပါဘူး ကိုဇော်ကြီးရယ်"

အေးချမ်းရဲ့စကားသံကြောင့် ကိုဇော်ကြီးက ...

"နိုးပြေးရင်လဲ တည်းခိုခန်းသာ နိုးပြေး အေးချမ်းရေ"

"ဟယ် ..ဒီလူကြီး တော်တော်ယုတ်မာပါလား"

အေးချမ်းစကားကြောင့် ကိုမင်းနွယ်က အသံပြကြီးနှင့် ရယ်သည်။ အပြင်ရောက်တော့ အေးချမ်းက ကျွန်တော့်လက်ကိုဆွဲ





ဇရုံတာဘက် ထွက်လာခဲ့ပါတယ်။

ဇရုံတာက ငေးကြည့်တော့ ဆိုင်အပြင်က တိတ်ဆိတ်အေးချမ်းနေပါတယ်။ ဆိုင်ရဲ့အပြင်ပြယုပ်နဲ့အတွင်းက တခြားစီပါ။

"အထဲမှာ ငြီးစီစီနဲ့မို့လို့ အပြင်ကို ခေါ်လာတာ အာစီယာ၊ မင်း သောက်မလား။ တို့ သွားယူပေးမယ်လေ"

"ဟင့်အင်း .. တော်ပြီ အေးချမ်း"

အေးချမ်းက ကျွန်တော့်ခါးကိုဖက်ပြီး မှီတွယ်ကာ ကောင်းကင်ကြီးကို ငေးကြည့်ရင်း ...

"တို့ငယ်ငယ်က အရမ်းပျော်ဖို့ကောင်းတာ သိလား အာစီယာ"

ကျွန်တော့်ကိုမော့ကြည့်နေတဲ့ ရွှန်းလဲ့လဲ့မျက်ဝန်းနဲ့ ကောင်မလေးရဲ့ ပုံရိပ်က တကယ့်အဖြူထည်။ ကျွန်တော်ကိုယ်တိုင်လည်း သူမနဲ့ ဒီအလုပ်ကို ဆက်စပ်၍မရ။

"အဖေရယ်၊ အမေရယ်၊ တို့ရယ်၊ ဘယ်လောက်အဆင်ပြေလိုက်သလဲ အရာရာဟာ တို့ဘဝထက် ဘယ်သူမှ ကုသိုလ်ကံမကောင်းဘူးလို့ တို့ ယူဆထားခဲ့တာ"

ပါးပြင်ပေါ်ကို ရိုက်ခတ်လာတဲ့ ထွက်သက်ဝင်သက်ကို ကျွန်တော် ခံစားမိသည်။

"ဒါပေမယ့် ဖေဖေက တို့ ဒုတိယနှစ်လောက်မှာ ကစားပွဲတစ်ခုကို ရှုံးခဲ့ရာက စပြီး ...."

သူမအသံက ခြောက်ကပ်အေးစက်လွန်းသည်။

"အဲဒီကစားပွဲရဲ့ ရိုက်ခတ်မှုက တို့ဖေဖေရဲ့ လုပ်ငန်းတွေ၊ နောက်ပြီး တို့ဖေဖေရဲ့အသက် ..."

အေးချမ်း မျက်ဝန်းအစုံကို မှိတ်လိုက်သည်။ အသက်ရှူသံ မြန်



www.burmeseclassic.com

www.burmeseclassic.com



"နံပါတ်သရီး အာစရိ၊ ဒီကောင်စားထားတာ များပြီ၊ စက်လေးနေပြီ"

"အိုကေ .. ကဲ .. မင်းလှုပ်ရှားကြည့်စမ်း အာစီယာ"

ကိုဇော်ကြီးက စင်တာထဲမှာ မန်နေဂျာကို ဟန်ရေးပြနေပါသည်။ ကျွန်တော့် လုပ်သင့်လုပ်ထိုက်တာတွေလုပ်ပြီး ထတော့ ကိုဇော်ကြီးက ..

"တော်ပြီလား"

"ကျွန်တော်က အသစ်လေ ကိုဇော်ကြီး၊ ဒီလောက်ပဲ ကောင်းမယ်"

"အိုကေ .."

အကြွေစေ့တွေကို ချာတိတ်တစ်ယောက်က အိတ်ထဲထည့်သည်။

"အာစီယာ ..."

နောက်ကနေ လှမ်းခေါ်လိုက်တဲ့အသံကြောင့် ...

"သြော် .. အေးချမ်း"

အေးချမ်းက အပြုံးနဲ့ ရပ်နေပါသည်။ အပြင်မှာ ထင်ထင်ရှားရှား မမြင်ဖူးတော့ ကျွန်တော် တအံ့တသြဖြစ်မိသည်။

တကယ်ပါ။ ကျွန်တော် အေးချမ်းကို အပြင်မှာ တစ်ခါမှ မမြင်ဖူးပါ။ ကျွန်တော် မပြောနဲ့၊ ဖြတ်သွားဖြတ်လာ လူတွေကပါ လှည့်ပြီး ငေးကြည့်ယူရလောက်အောင် အေးချမ်းရဲ့အလှက တောက်တောက်ထ

"မယ်မင်းကြီးမ၊ ညည်းတစ်ယောက်တည်းလား"

ကိုဇော်ကြီးအပြောကြောင့် အေးချမ်းက ရယ်ရင်း ..

"အေးချမ်း ပျင်းလို့ ဈေးဝယ်ရင်း ဒီဘက်ထွက်လာတာ"

"ကဲ .. ကိုယ်တော်လေး၊ မင်း ညှော်ခံလိုက်ဦး၊ ငါ မန်နေဂျာ မခံချင်အောင် ကလိလိုက်ဦးမယ်"

ကျွန်တော် ခေါင်းညိတ်ပြတော့ အေးချမ်းက ကျွန်တော့်လက်ကို





အတင်းဆွဲကာ စနက်သီးတစ်ခုဆီ ခေါ် ဆောင်သွားပါတယ်။

"ကဲ .. ဘာစားချင်လဲ"

"အိုးလေးဘိန်းမုန့်"

ညစ်ကျယ်ကျယ် ဒီကောင်မလေးစကားကြောင့် ကျွန်တော်က ခွေမခေါင်းကို ဖွပစ်တော့ အကဲခတ်နေကြတဲ့ ပတ်ဝန်းကျင်ကလူတွေက အမီးရှည်းစားလို့ပဲ ထင်ကြမှာပါ။

ဒါပေမယ့် ကျွန်တော် အေးချမ်းအပေါ် သာယာနေသလားဆိုရင် သာယာနေမိပါတယ်လို့ ဝန်ခံရမှာပါ။

ကျွန်တော် ကောင်တာမှာ ငွေရှင်းပြီး စားသောက်စရာတွေ ယူလာကာ အေးချမ်းနဲ့ မျက်နှာချင်းဆိုင်ဝင်ထိုင်တော့ အေးချမ်းက ...

"အာစီယာ၊ မင်းအသိလား၊ ဟိုမှာ ကြည့်နေတယ်"

ကျွန်တော် လှည့်ကြည့်တော့ ..

"သြော် .. ခဏနော် အေးချမ်း"

"ဟုတ် .."

ကျွန်တော် အအေးဆိုင်မှန်တံခါးကို တွန်းဖွင့်ရင်း ..

"ဘယ်ကလာတာလဲ မမအေးမိ၊ လာလေ ... အအေးဝင်သောက်ပါဦး"

မမအေးမိက မျက်နှာရှုံ့မဲ့မဲ့နဲ့ လက်ထဲက အထုပ်တွေကို မြှောက်ပြကာ ...

"မသောက်တော့ပါဘူးဟယ်၊ သူငယ်ချင်းတွေလဲ ပါတယ်၊ ဘာလဲ ဒီကောင် အတွဲသစ်နဲ့ ဇိမ်ကျနေတယ်ပေါ့"

အေးချမ်းကို ရည်ရွယ်ပြောတာမှန်း ကျွန်တော်သိတာကြောင့် ...

"မဟုတ်ပါဘူးဗျာ၊ ရိုးရိုးမိတ်ဆွေပါ"



www.burmeseclassic.com

www.burmeseclassic.com



နေရင် ခန်းမထဲ လာခဲ့နော်”

ကျွန်တော် သူမ စိတ်ချမ်းသာအောင် ခေါင်းညိတ်ပြခဲ့မိပါသည်။

“လိုက်သွားလိုက်ပါဟယ်၊ နှင့်ကို သူ ဘယ်လောက်သံယောဇဉ် ရှိတယ်ဆိုတာ ငါတို့အသိဆုံးပါ အာစီယာရယ်”

မညိုရဲ့စကားကြောင့် မဖောခြည်ကလည်း ...

“နှင် မမြင်ဖူးလို့နော်၊ ဘယ်ဆိုင်မှာပဲဖြစ်ဖြစ် မေအေးချမ်း ဆိုတာ ခေါင်တွေချည်းပဲ ကိုင်တာ၊ သူနဲ့အတူတွဲထိုင်ဖို့ဆိုတာ လွယ်လွယ်နဲ့ ကျတော့ မရဘူး”

“ဒါပေမယ့် ငါတို့မင်းသားကြီးနဲ့ကျမှ မယ်ဖုရားလဲ အစိမ်းလိုက် ပျက်ရပြီပေါ့”

“ကိုဇော်နော် ...”

ကိုဇော့်စကားကို မညိုက ကျေနပ်ချင်ပုံမရ။ ကျွန်တော်လည်း အေးချမ်းအပေါ် သံယောဇဉ်ရှိပါသည်။ ဒါပေမယ့် မိတ်ရင်းဆွေ သူငယ်ချင်းတစ်ယောက်လို။

ကျွန်တော် အောက်ထပ်ကို ဘီယာတစ်ဘူးကိုင်ပြီး ဆင်းလာခဲ့ပါတယ်။ ကက်ဝေါလ်က စတင်ကျင်းပနေပါသည်။ အဖွဲ့လိုက် အုပ်စုလိုက် ကက်ဝေါလ်လျှောက်ကြတာ များပါသည်။ အစီအစဉ် ကြေညာသူ တွေက နာမည်တွေကို ရေရွတ်ပြပါတယ်။

ကျွန်တော် နီးစပ်ရာ ဆိုဖာတစ်ခုပေါ်မှာ အေးအေးလူလူ ထိုင်တော့ ဝန်ထမ်းလေးတစ်ယောက်က ရိုရိုသေသေ လာရပ်ကာ —

“အစ်ကို ဘာမှာမလဲ မသိဘူး။ လိုအပ်တာရှိရင် စီစဉ်ပေးဖို့ ပါလို့ ကိုဇော်ကြီးက မှာထားတယ်ခင်ဗျ”

ကျွန်တော် ဘီယာပဲ ထပ်မှာလိုက်ပါသည်။





ကျွန်တော် ထိုင်သည့်နေရာက အလင်းရောင်တွေ ဖိတ်ဖိတ် လက်နေတဲ့ ကက်ဝေါလ်ကွင်းပြင်ရဲ့ တစ်ဖက်ထိပ် ဒုတိယတန်းမှာ ပါ။ ကျွန်တော့်ရဲ့အခြားတစ်ဖက်ထိပ် ရှေ့ဆုံးမှာတော့ တပည့်တွေ လေးငါး ခြောက်ယောက် ခြံရံထားတဲ့ စပယ်ရှယ်ဝိုင်းတစ်ဝိုင်း ရှိသည်။

ကျွန်တော် ဘီယာတစ်ငုံသောက်ရင်း ထိုအုပ်စုကိုကြည့်တော့ ဘေးက ဝန်ထမ်းလူငယ်က ...

“အဲဒါ Brown Stone ရဲ့ပိုင်ရှင် ကိုကိုလတ် ဆိုတာလေ”

“ဘယ်သူ ...”

ကျွန်တော် သွေးကြောတွေ လျှင်မြန်စွာ နိုးထလာခဲ့ပါတယ်။ နာမည်တစ်ခုတည်း ကြားရုံလောက်နဲ့တင် ကျွန်တော် အသေအချာ စိုက်ကြည့်မိသည်။ အနက်ရောင်စတိုင်ပင်နဲ့ အဖြူကွမ်းရိုးစင်းကို သေသေသပ်သပ် ဝတ်ဆင်ထားတဲ့ပုဂ္ဂိုလ်က မျက်မှန်ကိုချွတ်လိုက်တော့ ...

“ဒီလူက စီးပွားရေးတော်တော်များတယ်လို့ ကြားတယ် အစ်ကို။ အဓိကလုပ်ငန်းကတော့ Brown Stone ပဲ”

Brown Stone က ကိုဇော်ကြီး ဟိုတစ်ခါ ဒုက္ခပေးခဲ့သည့်ဆိုင်။ ထမ္မာကြီးက ကျူးကျူးလေးပါ ကိုကိုလေး။ မင်းရင်ဘတ် ငါရင်ဘတ် ကြက်ခြေခတ်ထားတဲ့ ဥဒါန်းမကြေ အငြိုးတွေ ပြိုင်ပွဲတစ်ခုဖြစ်ခဲ့ရင် ...

“ဒီလူက မမအေးချမ်းကို အသေအလဲကြွေတာ၊ နောက်ဆုံး သက်ထပ်ခွင့်တောင် တောင်းတယ်ဆိုပဲ”

ကျွန်တော် ပြုံးလိုက်မိသည်ထင်ပါသည်။ ကောင်လေးကတော့ ရိုက်မစစ်တဲ့ အလွန်ပြောပြချင်ပုံရသည်။

“မမကတော့ စိတ်ဝင်စားပုံမရဘူး၊ ကာစတမ်မာသက်သက်ပဲ သဘောထားတယ်၊ အစ်ကိုကြည့်နေ၊ မမ ထွက်လာပြီ”



www.burmeseclassic.com

www.burmeseclassic.com



စိတ်တံခါးကို အတင်းဖွင့်လို့
ဝင်ခွင့်ရသူက ဘယ်သူလဲ ...။
အိမ်မက်တံခါးတွေ ရင်ဖွင့်လို့
ရင်ကော့ရောက်လာသူက ဘယ်သူလဲ ...။
ပုံစံပြောင်းလဲမှုတွေသာ ရှိခဲ့ရင် ...
သေချာမှုဆိုတာ ဘာလဲ ...။
ဘဝ ဆိုတာ နားခိုမှုရှိရဲ့လား
အသိသက်သေနဲ့ အပေါင်းအသင်းရှိလား
အချိန်နောက်ကျတဲ့ နာရီတစ်လုံးရော ရှိလား ...
အမှားမှားအယွင်းယွင်းနဲ့ ..
ရင်ကွဲနာကျတဲ့ သီချင်းတွေ သီဆိုနေခဲ့ရတဲ့အချိန်မှာ ...
လည်ပြန်လှည့်မကြည့်ဖို့
ငါ .. တောင်းဆိုပါရစေ ....။





"အဲဒီကောင်က ဘယ်သူလဲ"

"အာဒီယာတဲ့ ဆရာ"

"ဟာကွာ ... တောက် ..."

"ခွမ်း ..."

စားပွဲပေါ်က သူ့ အရှိန်းနှစ်သက်တဲ့ ပန်းအိုးလေးက ကြမ်းပြင်ပေါ်မှာ တစ်စစီ ...။ ရင်ထဲမှာ တလိပ်လိပ်တက်လာတဲ့ ဒေါသအခိုးအငွေ့က သွေးကြောထဲမှာ ကဆုန်ပေါက်ပြေးလွှားနေသည်။

"ဒီကောင် တစ်ခေါက်တစ်ခေါက်လာကစားရင် မနည်းဘူး။ သူ ...ထားတာ ဆရာ၊ ပြီးတော့ ဒီကောင်က လူလွှတ်ပြီး ဘယ်စက်လေးလဲ ...တော်နိုင်းထားတယ်၊ ပြီးတော့ .."

"ပြောစမ်း အောင်သိန်း"

"ခင်းတို့လဲ ငါတို့ငွေလိုချင်လို့ ဒီစက်ကို ဖွင့်ထားတာ ငါလဲ ...ငွေလိုချင်လို့ ဒီစက်ကို ကစားတာ မဆန်းပါဘူးတဲ့ ဆရာ"



www.burmeseclassic.com

